# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 5 , 2023 Volume 65, Number 3


၅.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၉၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၂ - ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၇၀၀ ကျော်ရရှိ

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ (၁) ရက်မှ မတ်လ (၂၄) ရက်အထိ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၇၄၅) သန်းကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၅ ဒသမ ၂၉ သန်းကျော် ရရှိခဲ့သည့်အတွက် ယင်းဝင်ငွေထက် ကန်ဒေါ်လာ ၆၀ ဒသမ ၂၈ သန်းလျော့ကျခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်း Normal Trade နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း Border Trade မှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်။

လက်ရှိကာလတွင် ပြည်ပရေထွက်ကုန်တင်ပို့မှုသည် ပုံမှန်အတိုင်း တင်ပို့နေသော်လည်း ကိုဗစ်ကာလ မတိုင်ခင်အခြေအနေသို့ ပြန်လည်မရောက်ရှိသေးဘဲ တင်ပို့မှု လျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့်ဥရောပနိုင်ငံများ အပါအဝင် တရုတ်၊ ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း ရေလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တော နယ်စပ်ကုန်သွယ်ရေး စခန်းများမှတဆင့် ငါး၊ ပုစွန်၊ ဂဏန်းစသည့် ရေထွက်ကုန် ပုံမှန်တင်ပို့နေခြင်း ဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် အမျိုးအစား ၂၀ ကျော်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ သိရသည်။

**Popular News Journal**

## ပို့ကုန်လိုင်စင်လျှောက်ထားရမည့် ကုန်စည်လိုင်း ၁၅၅၆ လိုင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်

ပို့ကုန်လိုင်စင်လျှောက်ထားရမည့် ကုန်စည်လိုင်း ၁၅၅၆ လိုင်း၏ ကုန်ပစ္စည်း အမျိုးအမည်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022) နှင့် လိုက်လျောညီထွေဖြစ်စေရန်ဟုဆိုကာ ပူးတွဲပါ H.S Code 10 digit ဖြင့် ကုန်စည်လိုင်း ၁၅၅၆ လိုင်းကို ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်စာရင်းအဖြစ် သတ်မှတ်လိုက်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လိုင်စင်လျှောက်ထားရန်လိုအပ်သည့်ကုန်ပစ္စည်းများမှာ တိရစ္ဆာန်အရှင်များ၊ အအေးခံထားသော၊ အေးခဲထားသော ငါးအသားလွှာများ၊ ပုစွန်သားပေါက်များ၊ သစ်အခြေခံကုန်ပစ္စည်းများ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆန်၊ နံ့စားသီးနှံများ၊ မြေပဲ၊ နှမ်း၊ ပဲပုတ်စေ့၊ နေကြာစေ့၊ မုန်ညင်းစေ့၊ ဆီထွက်သီးနှံအစေ့အဆံများ၊ ဝါး၊ ကြိမ် အစရှိသည့် ကုန်ကြမ်း ပစ္စည်းများ၊ ဆီအမျိုးမျိုး၊ သကြားကြမ်း၊ သတ္တုရိုင်း၊ တွင်းထွက်လောင်စာများ၊ ရေဒီယိုသတ္တိကြွ ပစ္စည်းများ၊ အော်ဂဲနစ်ဓာတု ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ ကျောက်မျက်ရတနာများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့်ဆက်စပ်ပစ္စည်းများ စသည်တို့ ပါဝင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

"အရင်တုန်းကတော့ ကားဘက်ထရီတို့ ဘာတို့က အရင်က လိုင်စင်လျှောက်ဖို့မလိုဘူး။ အခုတော့ လိုင်စင်လျှောက်ဖို့ လိုတာပေါ့။ ကုန်စည်တော်တော်များများက လိုင်စင်တွေလျှောက်ဖို့လိုနေတာ။ အဲဒီတော့ လိုင်စင်လျှောက်လို့ တစ်ခုခု ပေါ်လာရင် ပိုခက်ခဲတာပေါ့" ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက စံတော်ချိန်အစ်ဂျစ်တယ်သို့ပြောသည်။

ဖော်ပြထားသည့် ကုန်စည်လိုင်းများပါ ကုန်ပစ္စည်းတစ်ရပ်ရပ်ကိုတင်ပို့ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်လုပ်ထုံးလုပ်နည်း များနှင့်အညီ ပို့ကုန်လိုင်စင်ဦးစွာလျှောက်ထားပြီးမှ စိစစ်ခွင့်ပြုသည့်စနစ် (Non-Automatic Licensing) ဖြင့် ပြည်ပသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှတင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း၊ အဆိုပါ အမိန့်ကြော်ငြာစာသည် ယခုလ ဧပြီ ၁ ရက်မှ စတင်သက်ရောက်မှုရှိမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source: https://t.me/sdtimedaily**

## ကုန်သွယ်ရေး ငွေပေးချေမှုတွင် ရူပီးငွေကြေးသုံးရန် အိန္ဒိယနှင့်မလေးရှားသဘောတူ

နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများတွင် ရူပီးငွေကြေးစနစ်ဖြင့် ငွေပေးချေမှုပြုလုပ်ရန် အိန္ဒိယနိုင်ငံနှင့် မလေးရှား နိုင်ငံတို့က သဘောတူညီချက်ရယူထားကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ဧပြီ ၂ ရက်တွင် ကြေညာချက် ထုတ်ပြန် ထားသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေး၌ ရူပီးငွေကြေးစနစ်ကို အသုံးပြုရန် အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့က သဘောတူညီခဲ့မှုသည် နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ငွေကြေးစနစ် သုံးစွဲနေရမှုကိုလျှော့ချရေးအတွက် ခိုင်မာသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ယူကရိန်းစစ်ပွဲနှင့် ယင်းစစ်ပွဲကို အကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ၏ အကျိုးသက်ရောက်မှုများဒဏ်မှ ကုန်သွယ်ရေးလုပ်ငန်းများကို အကာအကွယ်ပေးရန် အိန္ဒိယအစိုးရက ကြိုးစားနေစဉ် နှစ်နိုင်ငံ ကုန်သွယ်ရေးအတွက် ရူပီးငွေကြေးစနစ် အသုံးပြုရေးကို အိန္ဒိယနှင့်မလေးရှားတို့က သဘောတူခဲ့ကြခြင်း ဖြစ်သည်။

ယခုအချိန်တွင် အိန္ဒိယနှင့် မလေးရှားတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် ငွေပေးချေရာတွင် အခြားငွေကြေး စနစ်များအပြင် ရူပီးငွေကြေးစနစ်ကိုပါ သုံးစွဲနိုင်ပြီဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်က ဧပြီ ၁ ရက်တွင် ကြေညာချက် ထုတ်ပြန်ထားသည်။

အမေရိကန်ဒေါ်လာငွေကြေးစနစ်သည် နိုင်ငံတကာ ကုန်သွယ်ရေးကို လွှမ်းမိုးထားသည့် အဓိကငွေကြေးစနစ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ယူကရိန်းစစ်ပွဲ စတင်ပြီးနောက် အိန္ဒိယနိုင်ငံသည် ၎င်း၏နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ငွေကြေးစနစ်အပေါ် အားပြုနေရမှုကို လျှော့ချရန်ကြိုးစားလျက်ရှိသည်။

ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ အနောက်အုပ်စု ဒီမိုကရေစီနိုင်ငံများက ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီးသည့်နောက်တွင် အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားနှင့် ကုန်သွယ်ရေး ငွေပေးချေမှု ပြုလုပ်ရာ၌ အမေရိကန်ဒေါ်လာ ငွေကြေးစနစ်ကို အသုံးပြုရန် ပိုမိုခက်ခဲလာရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယဗဟိုဘဏ်သည် အိန္ဒိယနှင့် ကုန်သွယ်မှု ပြုလုပ်ရာ၌ ရူပီးငွေကြေးစနစ် သုံးစွဲခွင့်ကို နိုင်ငံပေါင်း ၁၈ နိုင်ငံတို့မှ ဘဏ်များအားပေးထားပြီးဖြစ်သည်။

Source: https://t.me/sdtimedaily

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်မှ ၃၁ ရက်နေ့အတွင်း ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ နှမ်းနက်၊ ဖရဲသီး၊ မြေပဲ၊ ပဲတီစိမ်း၊ မန်ကျည်းမှည့်(အစေ့ပါ)၊ ထောပတ်ပဲ၊ ပဲကြီး၊ ရွှေဖရုံသီးနှင့် ကြိမ်များ တင်ပို့ခဲ့ပြီး ပို့ကုန်၏ ငွေပမာဏမှာ ၈၇၄၃၉၄၃.၄၉ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၈ ရက်မှ ၂၄ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၁၂၂၀၄၉၆၇.၃၂ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၄၆၁၀၂၃.၈၃ ကန်ဒေါ်လာ တန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်မှ ၃၁ ရက်နေ့အတွင်း စက်နှင့် စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတုဗေဒချည်ခင်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၂၇၉၈၀၀.၃၂ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၈ ရက်မှ ၂၄ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၉၅၆၅၆၄.၆၄ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၂၃၂၃၅.၆၈ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၇၄၆၄၁၄၃.၁၇ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၈ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၄.၈၇ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနောမြေကုန်သွယ်မှုဗဟိုဌာန

## သင်္ကြန်ကာလမရောက်မီ စက်သုံးဆီဈေးများမြင့်တက်နေပြီး 92 တစ်လီတာလျှင် ကျပ် ၂၂၅၀ သို့ ရောက်ရှိလာ

သင်္ကြန်ကာလမရောက်မီ စက်သုံးဆီဈေးများ မြင့်တက်နေပြီး 92 တစ်လီတာလျှင် ကျပ် ၂၂၅၀ သို့ ရောက်ရှိလာကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဧပြီ ၄ ရက်တွင် ထုတ်ပြန်သည့်ဈေးနှုန်းများအရ ရန်ကုန်မြို့တွင် 92 တစ်လီတာ ကျပ် ၂၂၅၀၊ 95 တစ်လီတာ ကျပ် ၂၃၁၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၂၄၀၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ်၂၁၆၀ ဖြစ်ကြောင်း သိရသည်။

ဧပြီ ၃ ရက်တွင် ထုတ်ပြန်သည့်ဈေးနှုန်းများအရ ရန်ကုန်မြို့၌ 92 တစ်လီတာ ၂၁၀၅ ကျပ်၊ 95 တစ်လီတာ ၂၁၈၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၂၁၄၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၀၆၅ ကျပ်ဖြစ်ကြောင်း သိရသည်။

ယင်းကြောင့် စက်သုံးဆီဈေးနှုန်းသည် ပျမ်းမျှအားဖြင့် တစ်လီတာလျှင် ကျပ်တစ်ရာကျော် မြင့်တက်လာခြင်းဖြစ်သည်။ မတ်လကုန်ပိုင်းတွင် စက်သုံးဆီဈေးနှုန်းများအရ ရန်ကုန်မြို့တွင် 92 တစ်လီတာ ကျပ် ၂၁၅၀၊ 95 တစ်လီတာ ကျပ် ၂၂၄၀၊ ပရီမီယံဒီဇယ်တစ်လီတာ ၂၁၇၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၀၉၅ ကျပ်ဖြစ်ကြောင်း သိရသည်။

ယင်းကြောင့် စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာသည်ဟု ဆိုနိုင်သော်လည်း တစ်လီတာလျှင် ပျမ်းမျှအားဖြင့် ကျပ် ၅၀ ခန့်သာ ကျဆင်းခဲ့ခြင်းဖြစ်သည်။

မတ်လ ၂၇ ရက်တွင် စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ ရန်ကုန်မြို့တွင် 92 တစ်လီတာ ကျပ် ၂၁၂၀၊ 95 တစ်လီတာ ၂၂၁၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၂၁၅၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၀၇၅ ကျပ်ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းအနေဖြင့် မတ်လ ၂၁ ရက်တွင်သာ 92 တစ်လီတာလျှင် ကျပ်နှစ်ထောင်အောက် ရောက်ရှိခဲ့ပြီး ယင်းနောက်ပိုင်းတွင် ကျပ် နှစ်ထောင်အထက်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်ကို တွေ့ရသည်။

အလားတူ မတ်လ ၂၀ ရက်တွင် ဈေးကွက်အတွင်း ရောင်းချခဲ့သည့် စက်သုံးဆီဈေးနှုန်းများအရ ရန်ကုန်မြို့တွင် 92 တစ်လီတာ ၂၀၃၅ ကျပ်၊ 95 တစ်လီတာ ကျပ် ၂၁၂၀၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၀၉၀၊ ပရီမီယံ ဒီဇယ်တစ်လီတာ ကျပ် ၂၁၇၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးနှုန်းများမှာ သုံးရက်ဆက်တိုက် ငြိမ်သက်နေသည့် ဈေးနှုန်းများဖြစ်ပြီး မတ်လ ၁၇ ရက်တွင် ရောင်းချခဲ့သည့် ဈေးနှုန်းထက် အနည်းငယ်မြင့်တက်လာခြင်းဖြစ်သည်။

မတ်လ ၁၇ ရက်တွင် ရောင်းချခဲ့သည့် ဈေးနှုန်းများအရ ရန်ကုန်မြို့တွင် 92 တစ်လီတာ ကျပ် ၂၀၁၀၊ 95 တစ်လီတာ ၂၀၉၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၀၂၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၁၀၀ ဖြစ်ကြောင်း သိရသည်။ စက်သုံးဆီဈေးနှုန်း အမြင့်ဆုံးအဖြစ် ဇန်နဝါရီလပိုင်းက 92 တစ်လီတာ ကျပ် ၂၃၀၀ အထိ ရောက်ရှိခဲ့သည်။

ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်သည့်ဈေးနှုန်းများအရ 92 တစ်လီတာ ၂၃၀၅ ကျပ်၊ 95 တစ်လီတာ ၂၃၈၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၄၈၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၅၆၀ ဖြစ်ကြောင်း သိရသည်။

ယင်းဈေးနှုန်းမှာ ၂၀၂၃ ခုနှစ် နှစ်စပိုင်းတွင် အမြင့်ဆုံးသို့ ရောက်ရှိလာခြင်းဖြစ်သည်ကိုတွေ့ရသည်။ ဖေဖော်ဝါရီ လဆန်းပိုင်းတွင် စက်သုံးဆီဈေးနှုန်းသည် ကျပ်နှစ်ထောင်ကျော်၌သာရှိခဲ့ပြီး အမြင့်ဆုံးအဖြစ် ကျပ် ၂၃၀၀ ကျော်မှ ပြန်လည် ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် စက်သုံးဆီဆိုင်များ၌ ရောင်းချလျက်ရှိသည့် ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၂၁၇၀၊ 95 တစ်လီတာကျပ် ၂၂၄၀၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၃၄၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၂၄၂၅ ကျပ်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ရောင်းချခဲ့သည့် စက်သုံးဆီဈေးနှုန်း တစ်လီတာလျှင် ကျပ် ၂၂၀၀ အထက်တွင်သာရှိခဲ့သည်ဟု စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ပြန်သည့်ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၂၂၀၀၊ 95 တစ်လီတာ ၂၂၇၅ ကျပ် ၊ ရိုးရိုးဒီဇယ်တစ် လီတာ ကျပ် ၂၄၂၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၅၀၀ ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၉ ရက်တွင် ထုတ်ပြန်သည့်ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၂၂၃၀၊ 95 တစ်လီတာ ကျပ် ၂၃၁၀၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၄၂၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၅၀၀ ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းများသည် ဇန်နဝါရီ ၁၃ ရက်မှစတင်၍ ဓာတ်ဆီတစ်လီတာ ကျပ် ၂၀၀၀ ကျော်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

**Source:** https://news-eleven.com/article/246675

## တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန် ဈေးနှုန်းအပြောင်းအလဲများ

### ၃.၃.၂၀၂၃ မှ ၃.၄.၂၀၂၃ အတွင်းဈေးနှုန်းကွာခြားချက်

ပြီးခဲ့တဲ့ မတ် ၃ ရက်နေ့ကနေ ယခု ဧပြီ ၃ ရက်နေ့အထိ တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန်ဈေးနှုန်းတွေ ဘယ်လောက်ထိ ပြောင်းလဲသွားလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

ဒီတစ်လအတွင်းမှာ ဆန်ဈေးနှုန်းတွေကတော့ ၂၀၀၀ ကနေ ၅၀၀၀ အမြင့်ဆုံးထိ တက်သွားခဲ့ပါတယ်။ အမျိုးအစား တော်တော်များများမှာ တက်သွားခဲ့တာဆိုပေမဲ့ တောင်ပျံ(မော်ကျွန်း) ကတော့ (၇၅၀၀၀ -၇၇၀၀၀) ကနေ (၇၃၀၀၀ – ၇၄၀၀၀) ဆိုပြီးဈေးကျသွားခဲ့ပါတယ်။ ဒီလထဲမှာ တခြား ဆန်ဈေးတွေ ဘယ်လောက်တက်သွားလဲဆိုတာတော့ ဇယားကွက်ကနေ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ်။

| သီးနှံအမည် | ဈေးနှုန်း | ဈေးကွက် | ၃-၃-၂၀၂၃ (ကျပ်) | ၃-၄-၂၀၂၃ (ကျပ်) |
|---|---|---|---|---|
| ဆန် (ရှားပုံပေါ်ဆန်းမွှေး) | ၁၅ တင်း | ဖဲတန်း | ၇၀၀၀၀ မှ ၇၃၀၀၀ | ၇၃၀၀၀ မှ ၇၅၀၀၀ |
| ဆန် (ဒေသခံ ပေါ်ဆန်းမွှေး) | ၁၅ တင်း | ဖဲတန်း | ၇၀၀၀၀ မှ ၇၃၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ဆန် (မြောင်းမြ ပုသိမ်ပေါ်ဆန်းမွှေး) | ၁၅ တင်း | ဖဲတန်း | ၇၂၀၀၀ မှ ၇၅၀၀၀ | ၇၃၀၀၀ မှ ၇၅၀၀၀ |
| ဆန် (ပေါ်ဆန်းနယ်မှီ) | ၁၅ တင်း | ဖဲတန်း | ၆၈၀၀၀ မှ ၇၀၀၀၀ | ၇၀၀၀၀ မှ ၇၂၀၀၀ |
| ဆန် (ဧည့်မထ) | ၁၅ တင်း | ဖဲတန်း | ၄၉၅၀၀ မှ ၅၁၀၀၀ | ၅၃၀၀၀ မှ ၅၄၀၀၀ |
| ဆန် (ငစိန်) | ၁၅ တင်း | ဖဲတန်း | ၄၈၀၀၀ မှ ၅၀၀၀၀ | ၅၃၀၀၀ မှ ၅၄၀၀၀ |
| ဆန် (ရွှေဘိုပေါ်ဆန်း) | ၁၅ တင်း | ဖဲတန်း | ၇၅၀၀၀ မှ ၈၅၀၀၀ | ၈၀၀၀၀ မှ ၈၅၀၀၀ |
| ဆန် (ဧည့်မထ ၂၅ %) | ၁၅ တင်း | ဖဲတန်း | ၅၁၀၀၀ မှ ၅၃၀၀၀ | ၅၂၀၀၀ မှ ၅၃၀၀၀ |
| ဆန် (ရက် ၉၀ ရှယ်) | ၁၅ တင်း | ဖဲတန်း | ၅၅၀၀၀ မှ ၅၇၀၀၀ | ၅၇၀၀၀ မှ ၅၉၀၀၀ |
| ဆန် (သီးထပ်) | ၁၅ တင်း | ဖဲတန်း | ၅၀၀၀၀ မှ ၅၁၀၀၀ | ၅၃၀၀၀ မှ ၅၄၀၀၀ |
| ကြာစဉ့်ရှယ် | ၁၅ တင်း | ဖဲတန်း | ၇၁၀၀၀ မှ ၇၅၀၀၀ | ၇၅၀၀၀ မှ ၇၇၀၀၀ |
| ပေါ်ဆန်းရှယ် | ၁၅ တင်း | ဖဲတန်း | ၆၇၀၀၀ မှ ၆၉၀၀၀ | ၇၁၀၀၀ မှ ၇၂၀၀၀ |
| တောင်ပို့(ရှားပုံ) | ၁၅ တင်း | ဖဲတန်း | ၇၅၀၀၀ မှ ၇၇၀၀၀ | ၇၅၀၀၀ မှ ၈၀၀၀၀ |
| ပေါ်ကျွဲ (ရှားပုံ) | ၁၅ တင်း | ဖဲတန်း | ၆၀၀၀၀ မှ ၆၅၀၀၀ | ၆၂၀၀၀ မှ ၆၅၀၀၀ |
| တောင်ပို့ (မော်ကျွန်း) | ၁၅ တင်း | ဖဲတန်း | ၇၅၀၀၀ မှ ၇၇၀၀၀ | ၇၃၀၀၀ မှ ၇၄၀၀၀ |
| ပေါ်ကျွဲ (မော်ကျွန်း) | ၁၅ တင်း | ဖဲတန်း | ၅၈၀၀၀ မှ ၆၃၀၀၀ | ၆၂၀၀၀ မှ ၆၅၀၀၀ |
| ကြက်သွန်နီ (ဆိတ်ခြမ်းရှယ်) (၁၁) | ၁ ပိဿာ | ဘုရင့်နောင် | ၁၁၇၅ မှ ၁၂၀၀ | ၉၀၀ |
| ကြက်သွန်နီ (ဆိတ်ခြမ်းလတ်ကြီး) | ၁ ပိဿာ | ဘုရင့်နောင် | ၁၁၇၅ မှ ၁၂၀၀ | ၁၀၀၀ |
| ကြက်သွန်နီ (ဆိတ်ခြမ်းလတ်သန့်) | ၁ ပိဿာ | ဘုရင့်နောင် | ၁၁၇၅ မှ ၁၂၀၀ | ၁၀၂၅ |
| ကြက်သွန်နီ (ဆိတ်ခြမ်းလတ်ရော) | ၁ ပိဿာ | ဘုရင့်နောင် | ၁၁၂၅ | ၉၀၀ |
| ကြက်သွန်ဖြူ (ကြူကုတ်) (ရှယ်) | ၁ ပိဿာ | ဘုရင့်နောင် | ၃၆၀၀မှ ၃၇၀၀ | ၄၂၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၂) | ၁ ပိဿာ | ဘုရင့်နောင် | ၄၁၀၀ | ၂၈၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၃) | ၁ ပိဿာ | ဘုရင့်နောင် | ၄၅၀၀ | ၃၁၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၄) | ၁ ပိဿာ | ဘုရင့်နောင် | ၄၇၀၀ | ၃၄၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၅) | ၁ ပိဿာ | ဘုရင့်နောင် | ၄၈၀၀ | ၃၆၀၀ |
| ပဲဆီ | ၁ ပိဿာ | မန္တလေး | ၁၁၀၀၀ မှ ၁၂၅၀၀ | ၁၁၀၀၀ မှ ၁၂၅၀၀ |
| နှမ်းဆီ | ၁ ပိဿာ | မန္တလေး | ၁၀၀၀၀ မှ ၁၁၀၀၀ | ၁၀၀၀၀ မှ ၁၁၀၀၀ |
| ပဲဆီ | ၁ ပိဿာ | ပြည် | ၁၂၀၀၀ မှ ၁၃၀၀၀ | ၁၂၀၀၀ မှ ၁၃၀၀၀ |
| နှမ်းဆီ | ၁ ပိဿာ | ပြည် | ၁၁၀၀၀မှ ၁၂၀၀၀ | ၁၁၀၀၀မှ ၁၂၀၀၀ |

https://greenwaymyanmar.com

နှစ်ကုန်ပိုင်းက ဈေးတွေအတက်ကြမ်းခဲ့ပြီး မတ်လမှာ အကျဈေးနဲ့ဖွင့်ခဲ့တဲ့ ကြက်သွန်နီဟာ ဧပြီလမှာလည်း အကျမရပ်သွားဘဲ ဆက်ကျနေဆဲဖြစ်ပါတယ်။

ကြက်သွန်ဖြူဈေးတွေမှာတော့ ကြူကုတ်(ရှယ်)ကလွဲလို့ ကျန်အမျိုးအစားတွေ သိသိသာသာကို ဈေးကျဆင်းသွားတာ တွေ့ရပါတယ်။

ပြည်တွင်းစားသုံးဆီဈေးတွေမှာတော့ မန္တလေးရော၊ ပြည်ဈေးကွက်မှာပါ ပဲဆီ၊ နှမ်းဆီဈေးတွေက မတ်လဈေးနဲ့ အတူတူပဲဖြစ်ကာ ဈေးငြိမ်နေပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/ rice_onion_ and_oil_market_different_ price_during_ march_in_2023

## ပြည်တွင်းကားဈေးကွက် ဆက်လက်မြင့်တက်လျက်ရှိ

ရန်ကုန်မြို့အတွင်း လက်ရှိကားဈေးကွက်မှာ ဆက်လက်မြင့်တက်လျက်ရှိပြီး တန်ရာတန်ကြေးဆိုသည်မှာ ပါးစပ်ထဲတွင်ရှိသည့်ဈေးသာဖြစ်ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။

"ပြီးခဲ့တဲ့ တစ်လနှစ်လလောက်ထဲက တဖြည်းဖြည်းချင်း တောက်လျှောက်တက်နေတာ။ တန်ရာတန်ကြေးဆိုတာ ပါးစပ်ထဲမှာရှိတဲ့ဈေးဖြစ်နေတာ။ Alphard ဆိုရင် ၂၀၀၆ မော်ဒယ်ကို အရင်တုန်းက ခြောက်ရာ၊ ခုနစ်ရာ။ အခုဆို ထောင့်ငါးရာတစ်ပတ်လည်လောက်ဖြစ်သွားပြီ။ ဈေးတက်ပေမယ့်လည်း အရောင်းအဝယ်ဖြစ်တယ်" ဟု မော်တော်ကားရောင်းဝယ်ရေးအသင်းဗဟို(ရန်ကုန်) ဥက္ကဋ္ဌဦးအောင်သန်းဝင်းက ပြောသည်။

ပြည်ပကားတင်သွင်းခွင့်များ ပြန်လည်ခွင့်ပြုပေးပါက ဈေးနှုန်းများပြန်လည်လျှော့ကျသွားမည်ဖြစ်ပြီး လက်ရှိတွင် ကားဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ ကားစီးသည့် လူဦးရေတိုးလာခြင်း၊ ပြည်ပမှ ကားတင်သွင်းခွင့်များ ပိတ်ထားခြင်းများကြောင့် ကားအဝယ်လိုက်ပါက ဈေးနှုန်းများ မြင့်တက်လာကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများကပြောသည်။

"၂၀၂၃ ကားမူဝါဒမှာ ဘာမှပြောင်းလဲမှုမရှိဘူး။ အရင်တိုင်းပဲ။ အရင်တုန်းကပေးခဲ့တဲ့ ဖရီးပါမစ်တို့၊ စလစ်တို့စသဖြင့်ပေါ့။ ဒီဟာတွေကို ပိတ်ထားတဲ့အချိန်အတိုင်းပဲ။ EV ကလွဲပြီး ဒီဟာကို ပြင်ဆင်ပြောင်းလဲခြင်း မရှိတဲ့အပေါ်မှာ ပြည်တွင်းမှာရှိတဲ့ ပြည်သူက ကားလိုအပ်မှုရှိလာတော့ ကားအဝယ်လိုက်လာ ဈေးကတက်လာပေါ့" ဟု ရန်ကုန်မြို့မှ ကားဝယ်ရောင်း လုပ်ကိုင်သူတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ရန်ကုန်မြို့ရှိ ကားဝယ်ရောင်းဈေးကွက်တွင် မော်ဒယ်အမျိုးအစားပေါ်မူတည်ပြီး Honda Fit တစ်စီးလျှင် သိန်း ၃၀၀ မှ သိန်း ၄၀၀ ကြား၊ Suzuki swift တစ်စီးလျှင် သိန်း ၃၀၀ ကျော်၊ Honda Insight တစ်စီးလျှင်သိန်း ၃၅၀ မှသိန်း ၄၀၀ ကြား၊ Toyota Wish တစ်စီးလျှင်သိန်း ၄၀၀ ကျော်၊ Probox တစ်စီးလျှင် သိန်း ၃၅၀ မှ သိန်း ၄၀၀ ကြား၊ Alphard တစ်စီးလျှင် သိန်း ၈၀၀ ကျော်မှ သိန်းတစ်ထောင်ကျော်ထိ ပေါက်ဈေးရှိနေကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများထံမှသိရသည်။

Source: https://t.me/sdtimedaily

## ပြည်ပသို့ ဆန်တင်ပို့ရာတွင် ကိုတာကန့်သတ်ချက်မရှိဘဲ ကာဂိုအသင့်ဖြစ်ရန်သာ လိုအပ်ဟုဆို

ပြည်ပသို့ဆန်တင်ပို့ရာတွင် Quota ကန့်သတ်ချက်အနေဖြင့် သတ်မှတ်မထားဘဲ တင်ပို့မည့် Cargo အသင့်ဖြစ်နေရန်သာ လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့ဆန်နှင့်ဆန်ကွဲကို ပြည်ပနိုင်ငံများသို့ နှစ်စဉ် တန်ချိန် ၂ သန်း တင်ပို့နေခြင်းဖြစ်ပြီး ယခု ၂၀၂၃ - ၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရန် လျာထားကြောင်း သိရသည်။

နှစ်စဉ် ပြည်ပဆန်တင်ပို့မှုကို ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် ဥရောပ နိုင်ငံများနှင့် တရုတ်၊ ထိုင်း အပါအဝင် အာရှနှင့် တောင်အာရှနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်။

အသေးစား၊အငယ်စားနှင့် အလတ်စားကုမ္ပဏီများအနေဖြင့် ပြည်ပသို့ ဆန်/ဆန်ကွဲပို့ကုန်လိုင်စင်များ လျှောက်ထားရာတွင် တန် (၂၆၀) နှင့် အောက်လျှောက်ထားမှုအတွက် "ဆန်/ဆန်ကွဲဝယ်ယူ စုဆောင်ထားရှိမှုအခြေအနေ ကွင်းဆင်းစိစစ် သုံးသပ်ရေးအဖွဲ့" မှ မြေပြင်အခြေအနေကို ကွင်းဆင်းစစ်ဆေးခြင်းမပြုဘဲ ခွင့်ပြုသွားမည်ဖြစ်ပြီး ဒုတိယအကြိမ် ထပ်မံ လျှောက်ထားလာပါက ပထမအကြိမ်၏ ED ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တန် (၂၆၀) နှင့်အထက် လိုင်စင်လျှောက်ထားမှုများအတွက် “ဆန်/ဆန်ကွဲဝယ်ယူစုဆောင်ထားရှိမှု အခြေအနေ ကွင်းဆင်းစိစစ် သုံးသပ်ရေးအဖွဲ့” မှ မြေပြင်ကွင်းဆင်းစိစစ်ခြင်းဆောင်ရွက်ပြီး လျှောက်ထားမည့် ကုန်ပစ္စည်း အမျိုးအစား အလိုက် တန်ချိန်အနည်းဆုံး (၅၀) ရာခိုင်နှုန်းရှိမှသာလျှင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ထောက်ခံ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

“စစ်ဆေးရေးအဖွဲ့တွေမြန်ရင်တော့ကောင်းပါတယ်၊ ကျနော်တို့ဆီလာစစ်သွားတာ ၃ ပတ်ရှိပါပြီ ၊ လိုင်စင်ကျမလာသေးလို့ စောင့်နေပါတယ်”ဟု ကုန်သည်တစ်ဦးကပြောသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်/ဆန်ကွဲ တန်ချိန် ၂ သန်းတင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၁ လတာအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၀၉၉ သန်း တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေအနေဖြင့် ကန်ဒေါ်လာ ၇၈၃ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများအရ သိရသည်။

**Source: Popular News Journal**

## STOCK EXCHANGE (5.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 527 (Shares) | 1,499,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 33,109,694 | 264,878 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 446 | 1,360,300 | 38,929,150 | 118,734 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 66 | 99,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 15 | 39,750 | 19,977,223 | 52,940 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Apr. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.07 | +0.57 | +0.16% | 363.50 | 364.07 | 363.50 | 527 | 1,499,050 | 7 | 641,522 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Apr. 2023

| Trading Volume | Trading Value |
|---|---|
| 527 (Shares) | 1,499,050 (MMK) |

## Main Board

As of 1:00 pm, 5th Apr. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 527 (Shares) | 1,499,050 (MMK) |

| MYANPIX | 364.07 ▲ 0.57 |
|---|---|
| Total Volume (shares) | 527 |
| Total Value (MMK) | 1 mil |
| Listed Company | 7 |
| Market Cap. (MMK) | 641,522 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |